SALWEEN PEACE PARK

# သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီ၏ ကမ္ဘာ့သဘာဝပတ်ဝန်းကျင်နေ့ ထုတ်ပြန်ကြေငြာချက်

ဇူလိုင် ၅ ရက်၊ ၂၀၂၄ ခုနှစ်

ယနှစ်ကျရောက်သော ကမ္ဘာ့သဘာဝပတ်ဝန်းကျင်နေ့ကိုဂုဏ်ပြုသောအားဖြင့် ကော်သူးလေ၊ မူတြော်ခရိုင်၊ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်းရှိ ကျွန်ုပ်တို့ဌာနေလူမျိုးစုတို့မှ ကမ္ဘာပေါ်ရှိသက်ရှိအားလုံးအတွက်မရှိမဖြစ်လိုအပ်သော သဘာဝပတ်ဝန်းကျင်ကို မဖြစ်မနေကာကွယ်သွားမည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုပါသည်။ ကမ္ဘာ့သဘာဝပတ်ဝန်းကျင်နေ့ကို ၁၉၇၃ ခုနှစ်မှစပြီး တစ်ကမ္ဘာလုံးက သတ်မှတ်ဆင်နွှဲလာခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂကမွေးထုတ်ပေးခဲ့သော ကမ္ဘာ့သဘာဝပတ်ဝန်းကျင်နေ့သည် လူသားတို့၏ဘဝသာယာဖူလုံရေးနှင့်ကမ္ဘာကြီး၏ဂေဟစနစ်ကျန်းမာသာစွမ်းရေးအတွက် အပြုသဘောဆောင်သောပြောင်းလဲမှုများကိုလုပ်ဆောင်ရန် လှုံ့ဆော်သည့်ဆုံရပ်တစ်ခုဖြစ်သည်။ ယခုနှစ် ကမ္ဘာ့သဘာဝပတ်ဝန်းကျင်နေ့၏ ဆောင်ပုဒ်မှာ "ငါတို့မြေ၊ ငါတို့၏အနာဂတ်၊ ငါတို့သည် ကမ္ဘာမြေကို ကုစားရမည့်မျိုးဆက်" ဟူ၍ဖြစ်ပြီး မြေယာပြုန်းတီးခြောက်သွေ့မှုကိုကုစားရေး၊ သဲကန္တာရများလာမှုကိုတားဆီးရေးနှင့် ရာသီဥတုပြောင်းလဲမှုကို ကြံ့ကြံ့ခံတွန်းလှန်ဖြတ် သန်းနိုင်ရေးတို့ကို ရည်ရွယ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဟု မိမိကိုယ်ကိုအမည်ပေးထားသော အာဏာရှင်စစ်တပ်၏ အကြမ်းဖက်တိုက်ခိုက်မှုနှင့် လေယာဉ်ဗုံးကြဲမှုများကို ရင်ဆိုင်နေရသော်လည်း ကျွန်ုပ်တို့ဌာနေလူမျိုးစုတို့သည် သံလွင်ငြိမ်းချမ်းရေးဥယာဉ်အတွင်းရှိ နေရာသုံးခုတွင် ကမ္ဘာ့သဘာဝပတ်ဝန်းကျင်နေ့ကို စည်းလုံးစွာဂုဏ်ပြုကျင်းပပါသည်။ သဘာဝပတ်ဝန်းကျင်နှင့် ကျွန်ုပ်တို့ ဌာနေလူမျိုးစုတို့အကြားရှိ အပြန်အလှန်မှီခိုမှုနှင့်နက်ရှိုင်းသောဆက်နွယ်မှုများကြောင့် နေ့စဉ်နေ့တိုင်းသည် ကျွန်ုပ်တို့အတွက် သဘာဝပတ်ဝန်းကျင်နေ့ဖြစ်သည်။ ယနေ့တွင် ကျွန်ုပ်တို့အသက်ရှင်သန်ရေးနှင့် ဘဝသာယာဖူလုံရေးအတွက် အရေးပါလှသော သဘာဝပတ်ဝန်းကျင်ကြီး၏လုပ်ဆောင်မှုများကို အသိအမှတ်ပြုပါသည်။ သက်ရှိအားလုံးကိုပံ့ပိုးနေသော ကျွန်ုပ်တို့၏ သဘာဝပတ်ဝန်းကျင်သည် ယခုအခါ တစ်ခုနှင့်တစ်ခုဆက်နွယ်ပြီး ယခင်တစ်ကြိမ်တစ်ခါမှမဖြစ်ပေါ်သော သဘာဝကပ်ဆိုးများဖြစ်သည့် ရာသီဥတုဖောက်ပြန်ခြင်း၊ ဇီဝမျိုးကွဲများလျော့နည်းပျောက်ကွယ်ခြင်း၊ နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းခြင်းတို့နှင့် ရင်ဆိုင်နေရသည်။ ဤကဲ့သို့တစ်ခုနှင့်တစ်ခုဆက်စပ်နေသောသဘာဝကပ်ဆိုးများကို ဖြေရှင်းနိုင်ရန် ကျွန်ုပ်တို့အားလုံးတစ်စိတ်ဝမ်းတည်းသောစိတ်ထားဖြင့် အမြန်ဆုံးပူးပေါင်းလုပ်ဆောင်ရန်လိုပြီဖြစ်သည်။ ကမ္ဘာ့သဘာဝပတ်ဝန်းကျင်နေ့ကို ပေါ့ပေါ့တန်တန်ထားပြီး ပြီးစလွယ်မဆင်နွှဲသင့်ပါ။ ၎င်းသည် ကျွန်ုပ်တို့အားလုံး၏စုပေါင်းအသံကို အများကြားနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်ကပ်ဆိုးများကို ဒေသအဆင့်၊ နိုင်ငံအဆင့်၊ နှင့် ကမ္ဘာအဆင့်အသီးသီးတွင် ထိရောက်စွာပူးပေါင်းဖြေရှင်းပေးရန်အတွက် တောင်းဆိုမှုပြုနိုင်သည့် ဆုံရပ်တစ်ခုဖြစ်သည်။

နိုင်ငံရေးကပ်ဆိုး၊ ပဋိပက္ခ၊ ပြည်တွင်းစစ်၊ နှင့် နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်နေရခြင်းများကြောင့် မတည်ငြိမ်သည့်အခြေအနေအောက်တွင်နေထိုင်ရသော်လည်း သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ရှိ ကျွန်ုပ်တို့ဌာနေလူမျိုးစုတို့သည် ကျွန်ုပ်တို့၏ဘိုးဘွားမြေ၊

ဇီဝမျိုးကွဲ၊ နှင့် သဘာဝအရင်းအမြစ်များကို ဆက်လက်ကာကွယ်သွားမည်ဖြစ်သည်။ ထို့ကြောင့်လည်း ကျေးရွာပိုင်ဘုံသစ်တော (၄၃) ခု၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့သစ်တော (၆) ခု၊ ကြိုးဝိုင်းသစ်တော (၉) ခု၊ နှင့် ဌာနေလူမျိုးစုစီမံခန့်ခွဲသည့် "ကော်" (၂၈၈) ခုကို မူကြော်ခရိုင်ထဲရှိ ကျွန်ုပ်တို့၏သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ထဲတွင် တိုင်းတာသတ်မှတ်ခဲ့ပြီး ဖြစ်သည်။ သဘာဝနှင့်ဓလေ့ရိုးရာအရထိန်းသိမ်းသည့် ဤသို့သောနယ်မြေဒေသများသည် ယနေ့ထုထည်ကြီးမားစွာဖြစ်ပေါ်နေသည့် သဘာဝကပ်ဆိုးများကို သဘာဝနှင့်လူသားထာဝစဉ်တည်မြဲစေသောနည်းများဖြင့် ထိရောက်စွာလျှော့ချနိုင်ရန်အတွက် သော့ချက်ဖြစ်သည်။

ရာသီဥတုဖေါက်ပြန်မှု၊ သစ်တောပြုန်းတီးမှု၊ နှင့်သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုတို့ကို ကျွန်ုပ်တို့လတ်တလောရင်ဆိုင်ရာတွင် ဌာနေလူမျိုးစုတို့၏ဦးဆောင်မှုနှင့်အခွင့်အရေးတို့ကို အသိအမှတ်ပြုခြင်းက အခရာကျသည်။ အနာဂတ်မျိုးဆက်များအတွက် သဘာဝပတ်ဝန်းကျင်ကြီးကို ကျွန်ုပ်တို့အတူတကွစုပေါင်းကုစားကာကွယ်ရာ၌ ဌာနေလူမျိုးစုတို့၏ အသိပညာနှင့် လုပ်ထုံးလုပ်နည်းများသည် အဖိုးတန်သည့်အရင်းအမြစ်များဖြစ်သည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ကြီးသည် ကျွန်ုပ်တို့၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ပိုမိုခိုင်မာစေသောအရာဖြစ်ပြီး ကျွန်ုပ်တို့၏ ဘိုးဘွားမြေ၊ သဘာဝပတ်ဝန်းကျင်၊ နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို အနာဂတ်မျိုးဆက်များအတွက် ကာကွယ်ရန် မွေးဖွားလာသည့် ဥယျာဉ်ဖြစ်သည်။


ဆက်သွယ်ရန်။

(၁) စောဖေါလ်စိန်ထွား၊ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီ ဉက္ကဌ

+၆၆ ၈၁၇ ၂၄၇ ၀၉၃

(၂) နော်ကညောဖေါ၊ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်

+၆၆ ၈၁၀ ၂၉၅ ၅၀၃